FAIR LABOR ASSOCIATION™

# ကမ္ဘာတစ်ဝှမ်း လုပ်သားများအခွင့်အရေးကို ကာကွယ် စောင့်ရှောက်ခြင်း

## လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများ

### နိဒါန်း

FLA ၏လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းသည် သင့်လျော်သော အောင်မြင်မှု ရရှိစေနိုင်ရန်ရည်ရွယ်ချက်ဖြင့် လုပ်သား၏ အဆင့်အတန်း နှင့် လူသား ဆန်သော လုပ်ငန်းခွင်အခြေအနေရရှိစေခြင်းတို့ ကိုရည်ရွယ်ထားခြင်း ဖြစ် ပါသည်။ စည်းမျဉ်းစံနှုန်းများသည် နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း များ၏ စံနှုန်းများနှင့် နိုင်ငံတကာမှ လက်ခံကျင့်သုံးမှုများ အခြေခံထား ခြင်းဖြစ်ပါသည်။

FLA နှင့် ဝင်ရောက်ပူးပေါင်းထားသော ကုမ္ပဏီများသည် လုပ်သားများ အလုပ်လုပ်နေသည့် နိုင်ငံမှချမှတ်ထားသော သက်ဆိုင်၍ အသုံးဝင်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် လုပ်သားများ၏ ပစ္စည်း အသုံး အဆောင်များနှင့် လုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းခွင် စည်းမျဉ်း များကို အကောင်အထည်ဖော်ချမှတ် ဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါ သည်။ ကွဲပြားခြားနားမှုများ သို့မဟုတ် ပဋိပက္ခများ ဖြစ်ပေါ်လာပါက ပူး ပေါင်း ဆောင်ရွက် နေသော ကုမ္ပဏီများသည် အမြင့်ဆုံးစံနှုန်းကို အသုံး ပြုဆောင်ရွက်မည်ဟု မျှော်လင့်ပါသည်။

FLA မှ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများ၏ လုပ်ငန်းခွင် စည်း ကမ်းများကို မြင့်မားသော ပူးပေါင်းဆောင်ရွက်မှု စံနှုန်းများအား ဖြစ်စေခြင်း နှင့် အဓိကကြပ်မတ်စောင့်ကြည့်ခြင်းတို့ဖြင့် သေချာစွာ စစ်ဆေးအကဲဖြတ် ပါသည်။ စံနှုန်းမြင့် ပူးပေါင်းဆောင်ရွက်မှုသည် စံစည်းမျဉ်းစည်းကမ်း တစ် ခုစီ၏ တိကျသေချာသော လိုအပ်ချက်များကို ပူးတွဲဆောင်ရွက်မှုကို စောင့် ကြည့်ကြပ်မတ်ခြင်း နည်းဥပဒေသများနှင့် အညီ အကဲဖြတ် ရွေးချယ် ဖော် ထုတ် ခြင်းဖြစ်ပါသည်။ FLA မှ ပူးပေါင်း ဆောင်ရွက်နေသော ကုမ္ပဏီများ ကို အခြေခံစည်းမျဉ်း စံနှုန်းများသည် ကိုက်ညီမှုမရှိသောအခါ ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်ပေးရန်နှင့် လက်ရှိဆောင်ရွက်နေသော ပူးပေါင်းဆောင်ရွက်သူများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမှုများ ဖြစ်ပေါ်လာစေရန်ဆောင်ရွက်မည်ဟု မျှော်လင့်ပါသည်။

FLA မှ စံပြ ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှု ရှိခြင်းနှင့် လုပ်ငန်းခွင် အခြေအနေအား ပိုမိုတိုးတက်ပြောင်းလဲမှုများအား အထောက်အကူဖြစ်စေခြင်းများကို ကူညီထောက်ပံ့မှုများပေးပါသည်။ FLA သည် အဆက်မပြတ် တိုးတက်မှုများဖြစ်ပေါ်တိုးမြှင့်စေသော အဖွဲ့အစည်း တစ်ခုဖြစ်သည်နှင့်အညီ FLA မှ လုပ်သားများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြုပြင် ပေးမှုနှင့် လေးစားဖွယ်ကောင်းသော ကျင့်သုံးမှုများကို ဖြစ်ပေါ်စေမှု တို့တွင် အခြေခံသော နိုင်ငံတကာ ခေါင်းဆောင်မှုဖြစ်ပေါ်လာစေရန် နှင့် လုပ်သား များ ကောင်းမွန်သော လုပ်ခအားရရှိစေရန်နှင့် ကျန်းမာရေးနှင့် ပြည့်စုံပြီး ဘေးကင်းလုံခြုံမှုရှိသော လုပ်ငန်းခွင်ဖြစ်ပေါ်စေရေးတို့ကို ရရှိရန် ကြိုးပမ်း အားထုတ်လျက်ရှိပါသည်။

| ပါဝင်သော စည်းမျဉ်းစည်းကမ်းများ | ဖော်ပြချက် |
|---|---|
| အလုပ်ခန့်ထားခြင်းဆိုင်ရာ ဆက်နွယ်မှု | အလုပ်ရှင်များသည် လုပ်သားများအား လေးစားမှုရှိသော အလုပ်ခန့်အပ် ခြင်း ဆိုင်ရာ စည်းမျည်းစည်းကမ်းများကို ချမှတ်၍ လိုက်နာမှုရှိရမည့် အပြင် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လုပ်သားနှင့် လူမှုပတ်ဝန်းကျင် လုံခြုံရေး ဆိုင်ရာ ဥပဒေ နည်းဥပဒေများနှင့် အညီလုပ်သားများ၏ အခွင့်အရေးများကို အနိမ့်ဆုံးအနေဖြင့် ကာကွယ်ပေးရမည်။ |
| ခွဲခြားဆက်ဆံမှုမရှိခြင်း | မည်သူမဆို အလုပ်ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များတွင် လုပ်သား ငှါးရမ်း ခြင်းနှင့် လျော်ကြေးပေးခြင်း/နစ်နာကြေးပေးခြင်းများ၊ စည်းမျဉ်း စည်းကမ်း များ၊ ရာထူးမြှင့်တင်ပေးခြင်း၊ အငြိမ်းစားယူခြင်းတို့ကို ကျား/မ၊ အသက် အရွယ်၊ လူမျိုးစု၊ ဘာသာရေး၊ မသန်စွမ်းနေမှု၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေး အမြင်၊ လူမှုအဖွဲ့အစည်း သို့မဟုတ် ဆင်းသက်ပေါက်ဖွားရာ လူမျိုးများပါဝင် အခြေခံထားသော ခွဲခြားဆက်ဆံခြင်းခံ ရခြင်းမျိုးမရှိစေရ။ |
| အနှောက်အယှက်ပေးခြင်း သို့မဟုတ် နှိပ်စက်ညှင်းပန်းခြင်း | လုပ်သားများအား လေးစားမှုနှင့် ဂုဏ်သိက္ခာကို အခြေခံ၍ ပြုမူဆက်ဆံရ မည်။ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် နှုတ်ပိုင်း ဆိုင်ရာ သို့မဟုတ် နှိပ်စက်ညှင်းပန်းခြင်းမျိုးအား မည်သည့် လုပ်သားမျှ ပြုမူခြင်းမျိုးမပြုလုပ်ရ။ |
| လုပ်သားအား ဖိအားပေးခြင်း | လုပ်သားအား ဖိအားပေးခြင်း၊ လုပ်သားအား အကျဉ်းချခြင်း၊ စာချုပ်များ ချုပ်ဆိုခြင်း၊ ခံဝန်စာများပြုလုပ်ခြင်း သို့မဟုတ် လုပ်သား အား ဖိအားပေး မည်သည့်ဖိအားပေးမှု ပုံစံကိုမျှ မရှိစေရ။ |
| ကလေးလုပ်သား | အသက် ၁၅ နှစ်အောက် သို့မဟုတ် မသင်မနေရ အတန်းပညာ မပြီးဆုံး သေးသည့် အသက်အောက်ရှိနေသည့် မည်သူ့ကိုမျှ အလုပ်ခန့်ထားခြင်း မပြုရ။ |
| လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် လုပ်ခဆွေးနွေးညှိနှိုင်းခွင့် | အလုပ်ရှင်မှ အလုပ်သမားများ၏ လွတ်လပ်စွာ စုပေါင်းခွင့်နှင့် လုပ်ခ ဆွေး နွေးခွင့်များကို သတိပြု၍ လေးစားလိုက်နာရမည်။ |
| ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် | အလုပ်ရှင်မှ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်းမျိုး မှကင်းဝေးစေရန် နှင့် လုပ်ငန်းခွင်တွင် မတော်တဆ ထိခိုက်မှုနှင့် ဒဏ်ရာရရှိမှုတို့ကိုဖြစ်ပွားမှု ကင်းဝေးစေရန် အလုပ်သမားများအား ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့် ပြည့်စုံသော အလုပ်ခွင်ဖြစ်ပေါ်လာစေရ န်ဆောင်ရွက်ပေးရမည်။ လုပ်ငန်း ခွင်အား ပတ်ဝန်းကျင်မှ အကောင်းမြင်မှုလျော့နည်းခြင်းအတွက် သက်ဆိုင် ရာမြှင့်တင်မှုများဖြစ်ပေါ်လာစေရန် စံနှုန်းများကို အလုပ်ရှင်မှချမှတ်ရမည် ဖြစ်ပါသည်။ |
| အလုပ်ချိန် | အလုပ်ရှင်မှ အလုပ်သမားများ လုပ်ဆောင်နေသော နိုင်ငံမှ ချမှတ်ထား သော ခွင့်ပြုသည့် အလုပ်ချိန်၊ အချိန်ပို မှ ကျော်လွန်၍ ခိုင်းစေခြင်းမပြုရ။ ပုံမှန် အလုပ်ရက်သတ္တပတ်ကို ၄၈ နာရီထက်မကျော်လွန်စေရ။ အလုပ်ရှင်မှ အလုပ်သမားများကို အလုပ်လုပ်ရက် ၇ ရက်အတွင်း အနည်းဆုံး တဆက် တည်း ၂၄ နာရီ နားခွင့်ပေးရမည်။ အချိန်ပိုအလုပ်ချိန်အားလုံးသည် အလုပ် သမားများမှလည်း လုပ်ရန် သဘောတူညီမှုရရှိမှသာလျှင် လုပ်ခွင့်ပြုရမည်။ အလုပ်ရှင်မှ အချိန်ပိုလုပ်ချိန်ကို ပုံမှန် လုပ်ဆောင်ရန် နှင့် ပုံမှန် လုပ်ခဖြင့် လုပ်ဆောင်ပေးရန် မတောင်းဆိုရ။ အထူးအခြေအနေများမှလွဲ၍ ပုံမှန် အလုပ်ချိန်နှင့် အချိန်ပိုအလုပ်ချိန် စုစုပေါင်းသည် တပတ်အတွင်း ၆၀ နာရီ ထက်မပိုစေရ။ |
| နစ်နာကြေးပေးခြင်း/ လျော်ကြေးပေးခြင်း | အလုပ်သမားတိုင်းတွင် ပုံမှန်အလုပ်ချိန် ရက်သတ္တပတ် အလုပ်သမား အတွက် အခြေခံလိုအပ်ချက်ကို ပြည့်စုံစေရန်လုပ်ခရရှိရန်နှင့် အပိုဝင်ငွေ ရရှိနိုင်သော အခွင့်အရေးရှိသည်။ အလုပ်ရှင်မှ အနိမ့်ဆုံးလုပ်ခ၊ သင့်တင့် လျောက်ပတ်သော လုပ်ခ ဥပဒေမှပြဋ္ဌာန်းထားသောလုပ်ခ နှင့် ဥပဒေနှင့် စာချုပ်တို့တွင် ပါဝင်သော အပိုဆု/ အပို အကျိုးအမြတ်ကို ပေးရမည်။ နစ်နာ ကြေး/လျော်ကြေးသည် လုပ်သား၏ အခြေခံလိုအပ်ချက်ကို မဖြည့်ဆည်း နိုင်ပြီး အပိုဝင်ငွေသော ပေးနိုင်ခဲ့လျှင် အလုပ်ရှင်မှ အလုပ်သမားအတွက် နစ်နာကြေး/လျော်ကြေး၏ အဆင့်တစ်ခုရရှိစေနိုင်သော သင့်တော်သော ဆောင်ရွက်မှုများအားဆောင်ရွက်နိုင်ရန် FLA နှင့် ဆက်သွယ်၍ ဆောင်ရွက် ရမည်ဖြစ်သည်။ |